# ကုန်သွင်းကုမ္ပဏီများအတွက်ချမှတ်ထားသော MIZUNOအုပ်စု ၏ကျင့်ဝတ်စည်းမျဉ်းဥပဒေများ

ကျွန်ုပ်တို့ MIZUNO ကော်ပိုရေးရှင်းသည်ဝန်ထမ်းများနှင့်ပြေလည်သောဆက်ဆံရေးရရှိစေရန်နှင့်လုံခြုံသောအလုပ်ခွင်ဖြစ်စေရန်ရည်ရွယ်၍အခြေခံလူ့အခွင့်အရေးများကိုရရှိစေရမည်ဟူသော အာမခံချက်ကိုထားရှိပါသည်။ ကျွန်ုပ်တို့သည် တစ်ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးပြဌာန်းချက်များအပါအဝင် အလုပ်သမားရေးရာပြဌာန်းချက်များ အပြင်ကျွန်ုပ်တို့ စီးပွားရေးအခြေစိုက်သောနိုင်ငံများ၏ အလုပ်သမားဥပဒေများနှင့် ညှိနှိုင်း၍လည်းကောင်း၊ အလုပ်ချိန်၊ လျော်ကြေး၊ သမဂ္ဂဖွဲ့စည်းခြင်း၊ ဆန္ဒထုတ်ဖော်ညှိနှိုင်းခြင်း၊ အလုပ်အခြေအနေများနှင့် အခြားသောအလုပ်ခွင် ဆောင်ရွက်ချက်များကိုပါ သက်ဆိုင်သော ပြည်တွင်းဥပဒေများအတိုင်းလက်ခံကျင့်သုံး၍ဆောင်ရွက်ပေးပါသည်။ ကျွန်ုပ်တို့သည် ဝန်ထမ်းတစ်ယောက်ချင်းစီအတွက် သိက္ခာရှိသော၊ မျှတသော၊ လေးစားမှုရှိသော အလုပ်ခွင်ပတ်ဝန်းကျင်ကို ဖန်တီးပေးစွမ်းနိုင်ရန် ကြိုးစားနေပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ဝန်ထမ်းများ၏ မတူညီသော အခြေအနေနှင့် အတွေးအခေါ်များ၊ ကွဲပြားသော ယဉ်ကျေးမှုများကို နားလည်သဘောပေါက်ပြီး လေးစားစွာပြုမူပါသည်။

အထက်ပါမူဝါဒများကိုအခြေခံ၍ ကျွန်ုပ်တို့သည်ကုန်သွင်းကုမ္ပဏီများအတွက် MIZUNO၏ ကျင့်ဝတ်စည်းကမ်းချက်များကို အောက်ပါအတိုင်း ထုတ်ဝေလိုက်ပါသည်။ MIZUNOအုပ်စု၏ ကုန်သွင်းကုမ္ပဏီများကလည်း MIZUNO၏ ကုန်ထုတ်လုပ်ငန်းများအတွက် ယခုကျင့်ဝတ်စည်းမျဉ်းဥပဒေများကို လိုက်နာလက်ခံလိမ့်မည်ဟု မျှော်လင့်ပါသည်။
ကုန်သွင်းကုမ္ပဏီများမှလည်း အသင်တို့၏ဝန်ထမ်းများထံသို့ အလုပ်သမားကျင့်ဝတ်စည်းမျဉ်းဥပဒေများကို ဝေမျှပေးရန် မျှော်လင့်ပါသည်။ နောက်ပိုင်းတွင် အသင်တို့သည် ယခုအလုပ်သမားကျင့်ဝတ်စည်းမျဉ်းဥပဒေများကို သက်ဆိုင်ရာ ဘာသာရပ်သို့ ပြန်ဆိုပြီး မြင်သာအောင် ဖော်ပြထားပေးရမည်ဖြစ်သည်။ တဖန် ကုန်သွင်းကုမ္ပဏီများမှ အဆိုပါကျင့်ဝတ်စည်းမျဉ်းဥပဒေများကို လက်တွေ့အကောင်အထည်ဖော်မှုအား စောင့်ကြပ်ကြည့်ရှုပေးနိုင်သော စနစ်တစ်ခုကို ထားရှိပေးရန်လည်း မျှော်လင့်ပါသည်။

## ၁။ အဖွဲ့အစည်းအုပ်ချုပ်မှု

### ၁) သက်ဆိုင်ရာ ဥပဒေနှင့် စံ များကို လိုက်နာခြင်း

**သက်ဆိုင်ရာ ဥပဒေနှင့် စံ များကို လိုက်နာခြင်း**

ကုန်သွင်းကုမ္ပဏီများသည် သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့် လိုအပ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းဥပဒေနှင့် စံသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းရှိမရှိ သေချာစေရန် စနစ်တစ်ခု ကိုတည်ထောင်ရမည်ဖြစ်သည်။

**ILO နိုင်ငံတကာအလုပ်သမား စံသတ်မှတ်ချက်များ**

ကုန်သွင်းကုမ္ပဏီများမှ အောက်ပါ အပြည်ပြည်ဆိုင်ရာစည်းကမ်းများကို လေးစားလိုက်နာစေလိုပါသည်။

ILO သဘောတူညီချက် ၂၉ (အတင်းအကျပ် သို့မဟုတ် ငြင်းဆိုခွင့်မရှိ အလုပ်စေခိုင်းခြင်း)
ILO သဘောတူညီချက် ၈၁ (စက်မှုနှင့် ကုန်သွယ်တွင် အလုပ်သမားအားစောင့်ကြပ်ကြည့်ရှုခြင်း)
ILO သဘောတူညီချက် ၈၇ (အဖွဲ့အစည်း၏လွတ်လပ်ခွင့်နှင့် အဖွဲ့အစည်းဖွဲ့စည်းခွင့်ပေးခြင်း)
ILO သဘောတူညီချက် ၉၈ (အဖွဲ့ဖွဲ့ခြင်းနှင့် အဆိုတင်သွင်းခြင်းအခွင့်အရေးများအတွက် လျှောက်လွှာတင်သွင်းခြင်း)
ILO သဘောတူညီချက် ၁၂၂ (လုပ်ငန်းခွင်ဆိုင်ရာမူဝါဒ)
ILO သဘောတူညီချက် ၁၃၁ (တိုးတက်ဆဲနိုင်ငံများအား အထူးကိုးကားပြီး အနိမ့်ဆုံးလစာသတ်မှတ်ခြင်း)
ILO သဘောတူညီချက် ၁၃၈ (အလုပ်ခန့်အပ်မည့် အငယ်ဆုံးအသက်)
ILO သဘောတူညီချက် ၁၅၉ (အလုပ်ရာထူးနေရာကိုပြန်လည်ပေးအပ်ခြင်းနှင့် အလုပ်ခန့်အပ်ခြင်း)
ILO သဘောတူညီချက် ၁၈၂ (လွန်စွာဆိုးဝါးသောကလေးအလုပ်သမားများခန့်ထားခြင်းပပျောက်စေရန် ရှောင်တခင်စစ်ဆေးခြင်းနှင့်ချက်ခြင်းအကောင်အထည်ပေါ်ခြင်း)

## ၂။ လူ့အခွင့်အရေး

### ၁) အလုပ်ခွင်ရှိအခြေခံအခွင့်အရေးများကို လေးစားမှုရှိခြင်း

**ကလေးများအားအလုပ်စေခိုင်းခြင်းကို တားမြစ်ခြင်း**

ကုန်သွင်းကုမ္ပဏီများသည် အသက် ၁၅နှစ်အောက် ကလေးများနှင့် သက်ဆိုင်ရာနိုင်ငံ၏ မသင်မနေရပညာရေးမပြီးဆုံးသေးသည့် အသက်အရွယ်ရှိ ကလေးများကို အလုပ်ခန့်အပ်ခြင်းမပြုရပါ။

**အလုပ်အတင်းအကြပ်စေခိုင်းခြင်းအား တားမြစ်ခြင်း**

ကုန်သွင်းကုမ္ပဏီများသည် အကျဉ်းသားအလုပ်သမား၊ စေလွှတ်အလုပ်သမား၊ စာချုပ်အလုပ်သမားသို့မဟုတ် အခြားသော အလုပ်သမားများကိုခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်း၊ အတင်းအကျပ်စေခိုင်းခြင်း၊ နှုတ်ဖြင့်အကြမ်းဖက်ခြင်းစသည့်နည်းများကို သုံးခြင်းဖြင့်လည်းကောင်း မည်သည့်ပုံစံဖြစ်စေကာမူဖိအားပေးစေခိုင်းခြင်းကို မပြုလုပ်ရပါ။

**အဖွဲ့အစည်းနှင့်အဆိုတင်သွင်းခြင်းတို့၏ လွတ်လပ်ခွင့်များ**

ကုန်သွင်းကုမ္ပဏီများသည် ဝန်ထမ်းများ၏အဖွဲ့အစည်းပြုလုပ်ခြင်း၊ ၎င်းတို့ဆန္ဒဖြင့်ရွေးချယ်သော အဖွဲ့အစည်းသို့ ဆက်သွယ်ခြင်းနှင့် အဆိုတင်သွင်းခြင်းများကို နားလည် လေးစားရပါမည်။အဖွဲ့အစည်း၏လွတ်လပ်ခွင့်နှင့်အဆိုတင်သွင်းခြင်းအခွင့်အရေးများကို ဥပဒေများဖြင့် အထူးကန့်သတ်ထားပါက လွတ်လပ်၍ချုပ်နှောင်မှုမရှိသောအဖွဲ့အစည်းနှင့် အဆိုတင်သွင်းခြင်းများ၏ အစားထိုးနည်းလမ်းများကိုတားမြစ်မည်မဟုတ်ပါ။ ထို့အပြင် အလုပ်သမားများနှင့် ထိရောက်သောဆက်ဆံရေးရရှိစေရန် ဖြည့်သွင်းစနစ်များကို ထည့်သွင်းသွားရမည်ဖြစ်သည်။

**ခွဲခြားဆက်ဆံမှုကို တားမြစ်ခြင်း**

ကုန်သွင်းကုမ္ပဏီများသည် အလုပ်သမားများနှင့် ကန်ထရိုက်များအား ၎င်းတို့၏အလုပ်လုပ်နိုင်စွမ်းပေါ်အခြေခံ၍ ဆုံးဖြတ်မည်ဖြစ်ပြီး ရေမြေဒေသ၊ အသားရောင်၊ ဇစ်မြစ်၊ ကျား၊မ၊ ဘာသာရေး၊ အသက်၊ အင်္ဂါချို့တဲ့မှု၊ အိမ်ထောင်ရှိမရှိ၊ မိဘအခြေအနေ၊ အဖွဲ့အစည်း၊ အဖွဲ့ဝင်၊ လိင်ပိုင်းဆိုင်ရာအသားယူမှု၊ နိုင်ငံရေးအတွေးအမြင်စသည်တို့ဖြင့် မညီမျှသော ခွဲခြားဆက်ဆံခြင်းကိုမပြုရပါ။ ကုန်သွင်းကုမ္ပဏီများသည် အလုပ်သမားများအားလိင်ပိုင်းဆိုင်ရာအရ၊ အာဏာအရ သို့မဟုတ် အခြားသော ပုံစံများဖြင့် နှိပ်စက်ညှဉ်းပန်းခြင်းများကိုလည်း မပြုလုပ်ရပါ။

## ၃။အလုပ်ခွင် အပြုအမူများ

### ၁)အလုပ်ရှင်နှင့် အလုပ်သမားဆက်ဆံရေး

**တည်မြဲအလုပ်ခန့်အပ်မှုကို နားလည်လက်ခံခြင်း**

ကုန်သွင်းကုမ္ပဏီများသည်တည်မြဲအလုပ်အကိုင်အနေအထားကို ထိန်းပေးထားမည်။ အုပ်ချုပ်သူဘက်မှ စီးပွားရေးအကြောင်းပြချက်များဖြင့် ခန့်အပ်စာချုပ်များကို ဖျက်သိမ်းခြင်း၊ ရုတ်တရက်အလုပ်ခန့်အပ်ခြင်းပြုလုပ်မည်မဟုတ်ပါ။(ကာလတိုနှင့် ရာသီလိုက်အလုပ်အကိုင် စသည်...)

**ကျိုးကြောင်းခိုင်လုံမှုမရှိသော အပြစ်ပေးခြင်းနှင့် စည်းကမ်းများအား တားမြစ်ခြင်း**

လူမျိုး၊ဇစ်မြစ်၊အသားရောင်၊ကျား၊မ၊ဘာသာရေး၊အသက်အရွယ်၊ကိုယ်အင်္ဂါချို့တဲ့ခြင်း၊အိမ်ထောင်ရှိမရှိ၊မိဘအခြေအနေ၊အဖွဲ့အစည်း၊ အဖွဲ့ဝင်၊ လိင်မှုဆိုင်ရာ အသားယူခြင်းနှင့် နိုင်ငံရေးအတွေးအမြင်များအပေါ်အခြေခံသော ကျိုးကြောင်းခိုင်လုံမှုမရှိသည့်အပြစ်ပေးခြင်းနှင့် စည်းကမ်းထုတ်ပြန်ခြင်းကိုမပြုလုပ်ပါ။ သင့်လျော်သောအရေးယူခြင်းစည်းမျဉ်းများကို ထုတ်ပြန်ခြင်းမရှိဘဲ သို့မဟုတ် လုံလောက်သောကျိုးကြောင်းသုံးသပ်မှုမရှိဘဲ အရေးယူခြင်းပြုလုပ်မည်မဟုတ်ပါ။

### ၂) အလုပ်ခွင်နှင့် လူမှုကာကွယ်စောင့်ရှောက်မှုအခြေအနေများ

**သင့်တင့်လျောက်ပတ်သောလခနှင့် အကျိုးခံစားခွင့်များ ထောက်ပံ့ခြင်းများ**

အလုပ်သမားများ၏ သင့်တင့်လျောက်ပတ်သောစုငွေနှင့် လိုအပ်သောအသုံးစရိတ်များ စသည့် အခြေခံလိုအပ်ချက်များပြည့်စုံစေရန် လုံလောက်သောလခ သို့မဟုတ် ဥပဒေသတ်မှတ်ချက်နှင့်ညီသောအနိမ့်ဆုံးလခ သို့မဟုတ် စက်ရုံ၏သတ်မှတ်လခနှင့် ညီသော (သို့)ကျော်လွန်သော လခကို ပေးမည်ဖြစ်သည်။ အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့် ညီသော သို့မဟုတ် ကျော်လွန်သော အကျိုးခံစားခွင့်များကိုရရှိစေရမည်ဖြစ်သည်။ ထို့အပြင် လခကို အလုပ်သမားများသို့ လက်ငင်းငွေသား သို့မဟုတ် ငွေထုတ်လက်မှတ်ဖြင့် တိုက်ရိုက်ပေးချေခြင်းနှင့် လစာဖြတ်ခြင်းစသည့် လခနှင့်ဆိုင်သောအချက်အလက်များကိုမြင်သာသိရှိနိုင်မည့် စနစ်ထားရှိမည်ဖြစ်သည်။

**သင့်တင့်လျောက်ပတ်သောအလုပ်ချိန်စီမံခန့်ခွဲခြင်း**

အလုပ်ချိန်များကို သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ သတ်မှတ်ပေးမည်ဖြစ်ပြီး သတ်မှတ်အလုပ်ချိန်ထက်ပိုပါက ဥပဒေသတ်မှတ်ထားသည့်နှုန်းထားအတိုင်း တွက်ချက်၍ အချိန်ပိုကြေးပေးချေပါမည်။

### ၃) အလုပ်ခွင်တွင်း ကျန်းမာရေးနှင့် လုံခြုံရေး

**လုပ်ငန်းခွင်ရှိလုံခြုံခြင်းနှင့်ကျန်းမာခြင်းကိုအာမခံခြင်း**

အလုပ်သမားများကို လုပ်ငန်းခွင်တွင်သာမက အလုပ်သမားများအသုံးပြုသည့်နေရာများဖြစ်သည့် သန့်စင်ခန်း၊ နားနေခန်း၊ အဆောင်တွင်းဝန်ဆောင်မှုများအားလည်းကောင်း၊ အလုပ်ကြောင့်မတော်တဆထိခိုက်မှုများနှင့် ရောဂါဘယများကိုကြိုတင်ကာကွယ်ရန် ထိရောက်သောနည်းလမ်းများကို သုံးခြင်းဖြင့်လည်းကောင်း ကျန်းမာလုံခြုံသော ပတ်ဝန်းကျင်ကို ပေးဆောင်ပါမည်။

## ၄။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်ချက်များ

### ၁)ညစ်ညမ်းမှုကို ကာကွယ်ခြင်း

**အန္တရာယ်ရှိပစ္စည်းများထုတ်လုပ်မှု ထိန်းချုပ်ခြင်းနှင့် စွန့်ပစ်ပစ္စည်းလျှော့ချခြင်း**

ကုန်သွင်းကုမ္ပဏီများသည် ကုန်ထုတ်လုပ်ခြင်းစသည့် ၎င်းတို့၏စီးပွားရေးလုပ်ငန်းခွင်မှထွက်ရှိလာသော လေထု၊ ရေနှင့်မြေဆီလွှာညစ်ညမ်းမှုကိုဖြစ်ပေါ်စေနိုင်သော၊ ၎င်းအပြင်ဆူညံသံများ၊ အနံ့အသက်ဆိုးများ၊ မြင်ကွင်းညစ်ညမ်းမှု၊ တုန်ခါမှုများအပါအဝင် စက်မှုလုပ်ငန်းအနီးနေထိုင်သူများ၏ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသော အဆိပ်သင့်ပစ္စည်းနှင့် အန္တရာယ်ရှိပစ္စည်းများစွန့်ထုတ်ခြင်းကို ထိန်းချုပ်ခြင်းနှင့် လျှော့ချခြင်းများပြုလုပ်ပါမည်။ကုန်ထုတ်လုပ်မှုကြောင့်ဖြစ်ပေါ်လာသော အစိုင်အခဲနှင့် အရည်စွန့်ထုတ်မှုများကို လျှော့ချပါမည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဆက်နွယ်သော စည်းမျဉ်းဥပဒေများ သတ်မှတ်ချက်များကို လိုက်နာညှိနှိုင်းခြင်းဖြင့် လုပ်ငန်းများကိုလုပ်ဆောင်သွားပါမည်။

### ၂) ရေရှည်တည်တံ့နိုင်သောသယံဇာတများ အသုံးပြုခြင်း

**ရေရှည်တည်တံ့နိုင်သော သယံဇာတများ သုံးစွဲမှု**

ကုန်သွင်းကုမ္ပဏီများသည် လုပ်ငန်းအတွက်လိုအပ်သော သစ်မှရသည့်ကုန်ကြမ်းများ၊ ရေနှင့် အခြားသယံဇာတများကိုအသုံးပြုရာတွင် သဘာဝပြန်လည်ဖြည့်တင်းနိုင်မှုနှုန်းထားအောက် သို့မဟုတ် ၎င်းနှင့်ညီသော နှုန်းထားအတိုင်းသာအသုံးပြုမည်ဖြစ်ပြီး ထို့ထက်ပို၍ အသုံးပြုမည်မဟုတ်ပါ။လျှပ်စစ်၊ လောင်စာ အစရှိသော စွမ်းအင်အရင်းအမြစ်ကိုလည်း အလွန်အကျွံအသုံးပြုမည်မဟုတ်ဘဲ စွမ်းအင်ထိရောက်မှုကို မြှင့်တင်ခြင်းနှင့် စွမ်းအင်အရင်းအမြစ်ကို အစားထိုးအသုံးပြုခြင်းဖြင့် ရေရှည်တည်တံ့နိုင်သောသယံဇာတများ အသုံးပြုခြင်းကို တိုးမြှင့်သွားပါမည်။

### ၃)ရေရှည်ခံ သုံးစွဲမှု

**ကုန်သွင်းကုမ္ပဏီများသည် ပတ်ဝန်းကျင်ထိခိုက်မှုနည်းသော ကုန်ပစ္စည်း ပြဌာန်းချက်များ**

လုပ်ငန်းခွင်အနေဖြင့်  ပစ္စည်းဒီဇိုင်းအဆင့်မှာပင်  လေထုညစ်ညမ်းမှုနှင့် ရေညစ်ညမ်းမှုဖြစ်ပေါ်စေသည့် အဆိပ်သင့်စေသော အန္တရာယ်ရှိသောပစ္စည်းများ ထုတ်လွှတ်ခြင်းကို လျှော့ချပြီး ပတ်ဝန်းကျင်ထိခိုက်မှုကိုနိမ့်ကျစေသော ကုန်ပစ္စည်းထုတ်လုပ်မှုဖြစ်စေရန် သတိထားပါမည်။

## ၅။ မျှတညီညွတ်သောစီးပွားရေး လုပ်ဆောင်မှုများ

### ၁)   အဂတိလိုက်စားမှုတားဆီးရေး

**အဂတိလိုက်စားခြင်းနှင့် တရားမဝင်ငွေကြေးဖလှယ်မှု တားဆီးခြင်း**

ကုန်သွင်းကုမ္ပဏီများသည် မိမိအကျိုးစီးပွားကို မျှော်ကိုး၍ ငွေကြေး၊လက်ဆောင်ပစ္စည်း၊ ဖျော်ဖြေမှု၊ ဝန်ဆောင်မှုများကို ပေးခြင်း သို့မဟုတ် လက်ခံခြင်းကဲ့သို့သော တရားမဝင်အပြုအမူ သို့မဟုတ် မရိုးသားသောအပြုအမူမျိုးကို ပြုလုပ်မည်မဟုတ်ပါ။ ၎င်းနည်းတူ လေလံပွဲများတွင် ဦးစားပေးခံရရန်မျှော်လင့်၍ အစိုးရအဖွဲ့အစည်းများသို့ လာဘ်ထိုးခြင်းနှင့် အော်ဒါရရန်သို့မဟုတ်လက်ခံပေးရန် အခွင့်အရေးအတွက် ဖျော်ဖြေရေးများကို ကမ်းလှမ်းခြင်း သို့မဟုတ် လက်သင့်ခံခြင်းများကို ပြုလုပ်မည်မဟုတ်ပါ။ ထိုနည်းတူ အကျိုးအမြတ်အတွက် ကန်ထရိုက်နှင့် ပူးတွဲစီးပွားရေးလုပ်ငန်းများသို့ လုပ်ငန်းတွဲဖက်ရန် အခြေအနေများကို တစ်ဖက်သတ် တင်ပြခြင်း၊ စီးပွားရေးပါတနာပေါ်တွင် ငွေကြေးလိမ်လည်ခြင်း၊ အကျိုးအမြတ် ပဋိပက္ခများဖြစ်ပေါ်ခြင်းအပါအဝင် အမြတ်ကြီးစားရန်အတွက် အင်အားဖြင့်ဖိနှိပ်ခြင်းပြုလုပ်မည်မဟုတ်ပါ။

### ၂) ညီမျှသော ပြိုင်ဆိုင်ခြင်း

**ညီမျှသော ပြိုင်ဆိုင်ခြင်း**

မညီမျှသော ပြိုင်ဆိုင်ခြင်း သို့မဟုတ် စီးပွားဆက်ဆံခြင်းများကို လက်ခံမည်မဟုတ်ပါ။စိတ်ကြိုက်ဈေးကစားခြင်း၊မိမိဈေးကွက်ကျဆင်းမသွားစေရန် အခြားကုမ္ပဏီများအားလုပ်ကြံခြင်းစသော အခမဲ့ဈေးကွက်ပြိုင်ဆိုင်မှုများကို ပြုလုပ်ရန် ၎င်းတို့၏ အားသာချက်များအသုံးပြုခြင်းကို တားမြစ်ထားခြင်းခံရပါသည်။

### ၃) ပိုင်ဆိုင်မှု အခွင့်အရေးများကို လေးစားခြင်း

**အသိပညာပိုင်ဆိုင်မှုအခွင့်အရေးကို ကာကွယ်ခြင်း**

ကုန်သွင်းကုမ္ပဏီများသည် အသိပညာဖန်တီးမှုများဖြင့် ဖြစ်တည်လာသော အခွင့်အရေးနှင့် အကျိုးအမြတ်များဖြစ်သည့် မူပိုင်ခွင့်၊အထူးခွင့် စသည့် အသိပညာပိုင်ဆိုင်မှုအခွင့်အရေးကို လေးစားပါမည်။

## ၆.အဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှားခြင်းနှင့် တိုးတက်မှု

### ၁)အဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှားခြင်း

**ဒေသတိုးတက်မှုအတွက်လှုပ်ရှားမှုများ**

ကုန်သွင်းကုမ္ပဏီများသည် ဒေသခံများ၏အခြေအနေတည်ငြိမ် အခြေကျစေရန် ကူညီလှုပ်ရှားမှုများ ပြုလုပ်ပါမည်။ အခြေခံရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်ဖြည့်စွက်ခြင်းများ၊ ပညာရေးတိုးတက်မှုများ၊ ကျန်းမာရေးနှင့် ဆေးဝါးဝန်ဆောင်မှုများ၊ ဒေသ၏စီးပွားရေး တိုးမြင့်ခြင်း ကဲ့သို့သောကိစ္စများအား ဖြေရှင်းရန် ဒေသတိုးတက်စေမည့် လှုပ်ရှားမှုများကိုဒေသခံများနှင့်အတူလက်တွဲပြုလုပ်သွားမည်ဖြစ်သည်။

ဤအနိမ့်ဆုံးလိုအပ်ချက်များသည် MIZUNOလုပ်ငန်းနှင့် တိုက်ရိုက်ကုန်သွင်းကုမ္ပဏီများကြားရှိ အဆင့်လိုက်သော အသစ်သို့မဟုတ် ပြန်လည်သစ်လွင်ထားသော စီးပွားရေး သဘောတူညီချက်များဖြစ်ပါသည်။
ကုန်သွင်းကုမ္ပဏီများသည် MIZUNO အဖွဲ့၏ တောင်းဆိုမှုနှင့် စိတ်ကျေနပ်မှုအတွက် ဤအချက်များကို လိုက်နာနေကြောင်း ပြသနိုင်ရပါမည်။
MIZUNOအဖွဲ့ သို့မဟုတ် ၎င်းရွေးချယ်ထားသော ကိုယ်စားလှယ်(တတိယအဖွဲ့အပါအဝင်)အဖွဲ့သည် MIZUNO အဖွဲ့၏ မည်သည့်ဆိုဒ်ကိုမဆိုပြင်ဆင်ခွင့်ရှိပြီး လိုက်နာမှုမရှိပါက မည်သည့်ကုန်သွင်းကုမ္ပဏီကိုမဆို MIZUNOနှင့် စာချုပ်အား ဖျက်သိမ်းမည်ဖြစ်သည်။

စက်တင်ဘာလ  ၂၀၁၇ခုနှစ်၊ MIZUNOအုပ်စု။